

# the Caiman

BY MARÍA EUGENIA MANRIQUE

ILLUSTRATED BY RAMÓN PARÍS

*Translated by* AMY BRILL

# မိကျောင်းပုံပြင်

ဆယ်လီ ဘာသာပြန်သည်။

mgyoe.com

SAMPLE BOOK



ISBN 978-99971-44-72-0

K0460


9 789997 144720 >

mgyoe.com

SAMPLE BOOK

mgyoe.com

mgyoe.com
SAMPLE BOOK



ကံ့ကော်ဝတ်ရည်စာပေ

အမှတ်-၅၁(ပထပ်/ဝဲ)၊ ရေကျော်လမ်းမ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉ ၄၄ ၃၀ ၄၁၁၃၇
email: kantkawwutyee@gmail.com

www.facebook.com/KantKawWutYeePublishing
တို့တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။



mgyoe.com

mgyoe.com
SAMPLE BOOK

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဇူလိုင် လ၊ ၂၀၂၂ ခုနှစ်။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)
အမှတ် ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းသရုပ်ဖော် - မူရင်း RAMÓN PARÍS ၏ သရုပ်ဖော်ပုံကို ဒီဇိုင်းဖွဲ့သည်။
တန်ဖိုး - ၄၀၀၀ ကျပ်




mgyoe.com

SAMPLE BOOK

# the Caiman

BY MARÍA EUGENIA MANRIQUE ▸ ILLUSTRATED BY RAMÓN PARÍS

*Translated by* AMY BRILL



# မိကျောင်းပုံပြင်

ဘာသာပြန်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ပထမဆုံး ဘဝနဲ့ တွေ့ဆုံမှု
မိကျောင်းနဲ့ တွေ့ဆုံမှုတို့မှာ လမ်းပြပေးခဲ့တဲ့
မေမေ့အတွက်

M.E.M

mgyoe.com


mgyoe.com

SAMPLE




ကျွန်တော်တို့ ငယ်ငယ်က မိကျောင်းပုံပြင် ပြောပြခဲ့တဲ့
အန်ကယ် မီလိုအတွက်
သူပြောတာ ကျွန်တော် မယုံခဲ့သလို ဘယ်သူမှလည်း မယုံခဲ့ကြပါဘူး။

R.P



mgyoe.com


SAMPLE BOOK
mgyoe.com



ဒီပုံပြင်လေးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက ဆန်ဖာနမ်ဒို ဒယ် အာပူ ဆိုတဲ့ မြို့ငယ်လေးမှာ ဖြစ်ခဲ့တာပါ။ မိကျောင်းတွေ အများကြီးနေကြတဲ့ မြစ်ပြင်ကျယ်ကြီးဘေးက မြို့လေးပေါ့။ အဲဒီ မိကျောင်းသားရေတွေဟာ ဈေးကြီးလွန်းလို့ မုဆိုးတွေက မိကျောင်းတွေကို ဖမ်းကြတယ်။ အဲဒီလိုနဲ့ မိကျောင်းငယ် ကလေးတွေ အများကြီးဟာ ငယ်ငယ်လေးနဲ့ မိဘမဲ့တွေ ဖြစ်ကုန်ရသတဲ့။



mgyoe.com



mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

တစ်ရက်မှာတော့ တူတူပုန်းတမ်း ကစားကြတုန်း ကလေးမလေးဂျူလီယာဟာ မြစ်ကမ်းဘေးမှာ လျှောက်သွားနေတဲ့ မိကျောင်းပေါက်ကလေး တစ်ကောင်ကို ကောက်တွေ့ပါရော။ ကလေးတွေလည်း ဆူဆူညံညံ ဖြစ်ကုန်ကြပြီး တစ်ယောက်ပြီးတစ်ယောက် မိကျောင်းကလေးကို ကိုင်ကြည့် စပ်စုကြသတဲ့။

ဒါပေမဲ့လည်း အိမ်ပြန်ချိန်ရောက်လာတဲ့ အခါမှာတော့ မိကျောင်းလေးကို ဘယ်သူကမှ အိမ်ပြန် မယူသွားရဲကြဘူးတဲ့လေ။ ဂျူလီယာက မိကျောင်းလေးကို ရေထဲ ပြန်လွှတ်ပေးဖို့ လုပ်နေတုန်းမှာပဲ ၂၄ ဇူလိုင်လမ်းမှာနေတဲ့ လက်ဝတ်ရတနာနဲ့ နာရီပြင်သူ ဖရာအိုရှိ ရောက်လာတယ်။ ဖရာအိုရှိက မိကျောင်းပေါက်လေးကို ကိုင်ကြည့်လိုက်တယ်။ မိကျောင်းလေးက သူ့လက်တစ်ဖဝါးစာတောင် မရှိဘူး။ မိကျောင်းလေးကို ညင်ညင်သာသာလေး ပွတ်သပ်ပေးလိုက်တယ်။ ဖရာအိုရှိဟာ နှစ်ခါပြန် မစဉ်းစားနေတော့ဘဲ မိကျောင်းလေးကို သူ့အင်္ကျီအိတ်ကပ်ထဲ ထည့်လိုက်တော့တယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ကဲ... ကလေးတွေ မပူကြနဲ့တော့။
သူ့ကို ဦးဦး အိမ်ခေါ်သွားပြီး မွေးထားမယ်။
သားတို့၊ သမီးတို့ ကြိုက်တဲ့အချိန် သူနဲ့ လာကစားလို့ ရတယ်။





အိမ်ပြန်ရောက်တော့
အိတ်ကပ်ထဲ
ချောင်းကြည့်တယ်။

myoe.com
MBOOK
myoe.com

mgyoe.com

SAMPLE BOOK

အကောင်လေးဟာ ခွေခွေလေး အိပ်နေတယ်။
သူ့အရေပြားက နက်မှောင်နေတာကြောင့်
မိကျောင်းလေးကို "ည" လို့
နာမည်ပေးလိုက်တော့တယ်။




mgyoe.com

mgyoe.com

SAMPLE BOOK

ဖရာအိုရိုဟာ "ည" ကို
သူ့အလုပ်ရုံဆီ နေ့တိုင်း ခေါ်သွားတော့တာပဲ။
နာရီပြင်ဆရာ လူငယ်လေးက
မိကျောင်းပေါက်ကလေး တစ်ကောင်
မွေးထားတယ် ဆိုတဲ့ သတင်းဟာ
ခပ်မြန်မြန် ပြန့်သွားတော့တယ်။
အနီးအနားတစ်ဝိုက် ရွာတွေ၊ မြို့တွေက
လူတွေဟာ မိကျောင်းလေးကို ကြည့်ဖို့
တဖွဲဖွဲ ရောက်လာကြတယ်။
အက်ကွဲနေတဲ့ နာရီတွေ၊
ပျက်နေတဲ့ ဆွဲကြိုး၊
လက်ကောက်တွေကို
ပြင်ဖို့နဲ့ လက်စွပ်တွေကို
အရွယ်အစား ပြန်ညှိဖို့ အထိ
ယူလာကြတယ်။



mgyoe.com

mgyoe.com
SAMPLE BOOK

မိကျောင်းပေါက်လေးကို
ကိုင်ကြည့်ဖို့ အတွက် လမ်းမပေါ်မှာ
လူတန်းရှည်ကြီးက တန်းစီပြီး
စောင့်နေကြတယ်။



mgyoe.com

mgyoe.com

SAMPLE BOOK




ဒီလိုနဲ့ “ည” ကလေးဟာ လူတွေနဲ့ အကျွမ်းတဝင် ဖြစ်လာတော့တယ်။

အထူးသဖြင့် ဖရာအိုရှိနဲ့ ပိုရင်းနှီးလာတာပေါ့။

မနက်တိုင်း အိပ်ရာပေါ် တက်လာတယ်။

ဖရာအိုရှိရဲ့ပေါင်ပေါ်ကို ခေါင်းတင်ပြီး နှိုးတတ်တယ်။

ဖရာအိုရှိကလည်း မိကျောင်းလေးရဲ့ ခေါင်းကို လက်နဲ့ ပွတ်ပြီး မင်္ဂလာ မနက်ခင်းပါလို့ ပြောတယ်။



mgyoe.com


SAMPLE BOOK
mgyoe.com